# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 14 , 2023 Volume 68, Number 10

၁၄.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၄၃.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၃.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၃၉.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၅.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၇.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန္သြယ္မႈသတင္းအခ်က္အလက္ႏွင့္
သုေတသနဌာနခြဲ

ဖုန္း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက္စ္ ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အာရှ ပို့ကုန်ဆန်ဈေးနှုန်း ၂ နှစ်တာတွင် အမြင့်ဆုံးသို့ ရောက်ရှိ

အာရှတိုက်တွင် ခြောက်သွေ့သော ရာသီဥတုကြောင့် စပါးထွက်ရှိမှုကို ထိခိုက်နိုင်ဖွယ်ရှိသည်။ ဝယ်လက်များက ဆန်ဝယ်မရ ဖြစ်မည်ကို စိုးရိမ်ပူပန်မှုများဖြင့် ဆန်ဝယ်ယူတင်သွင်းနေကြသည်။ ၅% ဆန်ကွဲပါ ထိုင်းဆန်ဖြူသည် ပြီးခဲ့သည့် ၄ လ အတွင်း ၁၅% မြင့်တက်ခဲ့ပြီး ခေါ်ဈေး တစ်တန်လျှင် $535 သို့ ရောက်ရှိလာသည်။ ၂၀၂၁ ခုနှစ် မတ်လနောက်ပိုင်း အမြင့်ဆုံး ဖြစ်သည်။

ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse ၏ ပြောကြားချက်အရ ပထမနှစ်ဝက်တွင် တန်ချိန် ၄ ဒသမ ၁ သန်း တင်ပို့ခဲ့ပြီးနောက် ယခုနှစ် ဒုတိယနှစ်ဝက်တွင် ဆန်တန်ချိန် ၄ ဒသမ ၅ သန်းခန့် တင်ပို့ရန် အခွင့်အလမ်းကောင်းရှိနေသည်။

အယ်လ်နီညို အခြေအနေများသည် ၇ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပစိဖိတ်ဒေသ အပူပိုင်းဒေသတွင် ဖြစ်ပေါ်လာခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ World Meteorological Organization (WMO) ၏ ပြောကြားချက်အရ နောက်ဆက်တွဲအဖြစ် အရှေ့တောင်အာရှတွင် မိုးခေါင်ရေရှားမှု ဖြစ်ပွားနိုင်သည်။

မုတ်သုံမိုးရွာသွန်းမှုကြောင့် ထိပ်တန်းဆန်တင်ပို့သူ အိန္ဒိယမှ စပါးစိုက်ခင်းများတွင် အများစုမှာ သက်သာရာရစေခဲ့သည်။ ခြောက်သွေ့သော ရာသီဥတုအခြေအနေများသည် ဆန် ဒုတိယအများဆုံး တင်ပို့သည့် ထိုင်းနိုင်ငံမှ ကောက်ပဲသီးနှံများကို ထိခိုက်နိုင်သည်။ အစိုးရက ယခုနှစ်တွင် စပါး တစ်ကြိမ်သာ တစ်သီးစား စိုက်ပျိုးကြရန် တောင်သူများကို ပြောကြားထားသည်။

ဆန်တင်သွင်းရသည့် နိုင်ငံများသည် ဆန်တင်သွင်းပြီး အရန်ဆန်သိုလှောင်မှုများ လုပ်ဆောင်လျက်ရှိသည်။ ဗီယက်နမ်ဆန်ကို ဖိလစ်ပိုင်၊ တရုတ်နှင့် အင်ဒိုနီးရှားတို့ ဝယ်ယူတင်သွင်းမှု မြင့်မားနေသည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ထံမှ ဝယ်ယူမှုများပြားခြင်းကြောင့် ဈေးကွက်ထဲ ဆန်ဈေး ပိုမိုမြင့်မားလာခဲ့ပါသည်။

Source: bangkokpost

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6501-asia-rice.html

## နယ်စပ်ကုန်သွယ်ရေးမှတဆင့် ဆန်တင်ပို့ရောင်းချရန် ယူနန်အစိုးရနှင့် ဆွေးနွေး

လက်ရှိတွင် မူဆယ်ဆန်လက်ကားဈေးကွက်အတွင်း အရောင်းအဝယ်အေးနေပြီး တရုတ်-မြန်မာနယ်စပ်မှတဆင့် ဆန်တင်ပို့မှုသည် ရပ်တန့်နေကြောင်း မူဆယ်အခြေစိုက် ဆန်ကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။

နယ်စပ်ကုန်သွယ်ရေးမှတဆင့် ဆန်တင်ပို့ရောင်းချနိုင်ရန် ယူနန်ပြည်နယ် အစိုးရနှင့် ဆွေးနွေးနေကြောင်း နိုင်ငံပိုင်သတင်းစာတွင် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားထားသည်။ "တရုတ်နိုင်ငံကို တင်ပို့တဲ့ ပမာဏက နည်းနည်းကျသွားတယ်။ ဒါပေမဲ့ တရုတ်ကို တင်ပို့နေတုန်းပါပဲ။ နယ်စပ်က နေတစ်ဆင့် ယူနန်ကို တင်ပို့မှုက အလွန်နည်းပါတယ်"ဟု ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဆိုသည်။ ပင်လယ်ရေကြောင်းမှတစ်ဆင့် ကွမ်ကျိုးနှင့် အခြားသော တရုတ်ဆိပ်ကမ်းများကို ဆန်တင်ပို့မှုများ ရှိနေကြောင်းလည်း သိရသည်။

မိုးတွင်းကာလဖြစ်သည့် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတွင် ဆန်/ဆန်ကွဲ တန်ချိန် ငါးသောင်းမှ တစ်သိန်းအကြား တင်ပို့နိုင်ပြီး ကျန်လများနှင့် ပွင့်လင်းရာသီတွင် တစ်လလျှင် တန်ချိန် နှစ်သိန်းခန့် တင်ပို့နိုင်ကြောင်းနှင့် ပင်လယ်ရေကြောင်းမှ တင်ပို့မှုကျဆင်းသွားသော်လည်း မြင့်မားသည့် ပို့ကုန်ဝင်ငွေ ရရှိထားပြီး ယခုနှစ်တွင် ဆန်တစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၀၀ မှ ၄၀၀ ကျော်အထိ ရရှိနေကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများထံ ဆန်၊ ဆန်ကွဲ တန်ချိန် နှစ်သန်းခန့် တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းထားပြီး တစ်ဖက်တွင်လည်း ပြည်တွင်းဆန်ဈေးနှုန်း မြင့်တက်နေမှုကို ဖြေရှင်းနိုင်ရေးအတွက် အဖြေရှာရန် စဉ်းစားနေကြောင်း နိုင်ငံပိုင်သတင်းစာတွင် အသိပေးပြောကြားထားသည်။

Source: https://www.popularmyanmar.com/?p=120879

## မြန်မာနိုင်ငံမှ ပဲ၊ ဆန်၊ ရေထွက်ကုန်များပစ္စည်းများအပါအဝင် အခြားပို့ကုန်များ အီဂျစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေး

အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဝဏ္ဏကျော်ထင်ဦးမြင့်လွင်နှင့် အီဂျစ်နိုင်ငံ ကုန်သည်ကြီးများ အသင်းနှင့် အာဖရိကသမဂ္ဂ ကုန်သည်ကြီးများအသင်းမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr.Hosam Baharia အား ဇူလိုင် ၁၀ ရက်တွင် အီဂျစ်ကုန်သည်ကြီးများအသင်းသို့ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ နှစ်ဖက်ကုန်သည်ကြီးများ အသင်း အချင်းချင်းထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ ပဲမျိုးစုံ၊ ဆန်၊ ရေထွက်ကုန်ပစ္စည်းများ အပါအဝင် အခြားပို့ကုန်များ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

Source: https://news-eleven.com/article/250804

## ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအစား ၅၀ ရာခိုင်နှုန်းကိုသာ ကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ကြောင်း ဗဟိုဘဏ် ထုတ်ပြန်

ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအစား ၅၀ ရာခိုင်နှုန်း ကိုသာ ကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန် သည်။

ဇူလိုင် ၁၃ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၃ ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြား ငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမိန့်ကြော်ငြာစာအား ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

အမိန့်ကြော်ငြာစာတွင် ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေ ပမာဏ ၏ ၆၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂)ပါ သတ်မှတ်ညွှန်ကြားချက် များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ် ဩဂုတ် ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်

(၃၆/၂၀၂၂)ဖြင့် သတ်မှတ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအစား ၅၀ ရာခိုင်နှုန်း ကိုသာ ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်( ၁၂/၂၀၂၂)ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ် ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်သည်။

အထက်ပါ အမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်ဖြစ်ပြီး ဤအမိန့် ကြော်ငြာစာအား လိုက်နာခြင်းမရှိပါက နိုင်ငံခြားငွေစီမံခန့်ခွဲမှု ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်သည်။

Source: https://news-eleven.com/article/250810

## ပို့ကုန်ပဲကုန်သည်များ အဝယ်အေးနေတာကြောင့် ပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံး ဆက်လက် ဈေးကျဆင်းနေ

ပို့ကုန်ပဲကုန်သည်များ အဝယ်အေးနေတာကြောင့် ပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံး ဆက်လက်ဈေး ကျဆင်း နေကြောင်း ပဲနှမ်းကုန် သည်များထံက သိရသည်။

ပြည်ပပို့ကုန်သမား အဝယ်လက်တွေ အဝယ်ရပ်နေပြီး တရုတ်လိုင်း ကုန်သည်တွေလည်း အဝယ်ရပ် နှစ်ခုဆုံ နေတာကြောင့်လည်း ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အရောင်းအဝယ် အေးခြင်းဖြစ်ကြောင်း နှမ်းမျိုးစုံ တစ်အိတ် ငွေကျပ် ၂၀၀၀၀-၃၀၀၀၀ ထိ ကျဆင်းသွားကြောင်း ဦးကျော်သွင်(ရွှေစင်သိန်း)ပွဲရုံက ပြောသည်။

“ ပဲ၊ နှမ်းဈေးကွက်ကတော့ ဘက်စုံအေးနေပါတယ်။ တရုတ်လိုင်းသမားတွေကလည်း ကောင်းကောင်း မဝယ်တော့ဘူး။ ပို့ကုန်သမားတွေကလည်း အဝယ်အေးနေတယ်။ မတ်ပဲတွေလည်းဈေးကျ၊ ပဲစင်းငုံတွေလည်း တစ်အိတ်ကို ငွေကျပ် သုံးသိန်းအောက် ထိရောက်သွားတယ်။ နှမ်း၊ ပဲတီစိမ်းတွေလည်း ဈေးကျသွားတယ်။ နှမ်းတွေ ကတော့ တစ်အိတ် ငွေကျပ် ၂၀၀၀၀-၃၀၀၀၀ ထိ ဈေးကျဆင်းသွားတယ်။ နိုင်ငံခြားပို့ကုန်တွေဈေးအေးတော့ ကျန်တဲ့ပဲတွေလည်း အကုန်လိုက်အေးကုန်တာပေါ့။ ရှေ့ဈေးကွက် အလားအလာကလည်း ခန့်မှန်းရခက်တယ် ဟု ၎င်းက ပြောသည်။

ဇူလိုင် ၁၃ ရက်တွင် သုံးတင်းဝင် မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေ ကျပ် ၂၁၅၀၀၀ ပေါက်ဈေး၊ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၉၃၀၀၀ သာ ပေါက်ဈေးရှိတော့သည်။ တရုတ်ကုန်သည်များ အဝယ်ရပ်သွား သောကြောင့် ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၇၁၀၀၀ သာပေါက်ဈေးရှိတော့သည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဇူလိုင် ၁၃ရက်တွင် ဆက်လက်ဈေးကျဆင်းနေရာ ကုလားပဲ V2 တစ်အိတ် လျှင် ငွေကျပ် ၂၄၈၀၀၀၊ V7တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ ၉၂၉ ကုလားပဲတစ် အိတ်လျှင် ငွေကျပ် ၂၄၉၀၀၀ ပေါက်ဈေး ဖြစ်နေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ မြေပဲအနီလုံးဆန် တစ်ပိဿာ ငွေကျပ် ၈၇၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဇူလိုင် ၁၃ရက်တွင် သိသိသာဈေးကျဆင်းသွားရာ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ နှမ်းနက်စမုံ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေး ရှိကြောင်း သိရသည်။

Source: မကွေးဂျာနယ်

## ငါးပုစွန်ဖမ်းဆီးမှုထက် သုံးလမွေးရုံနဲ့ ငွေပေါ်တဲ့ ပနားမီးပုစွန်ဖြူ မွေးမြူဖို့ စိတ်ဝင်စားမှုများနေ

ပင်လယ်ငါးဖမ်း လုပ်ငန်းရှင်များဟာ ပင်လယ်ပြင်မှာ ငါး၊ ပုစွန်ဖမ်းဆီးမှုထက် သုံးလမွေးရုံနဲ့ ငွေပေါ်တဲ့ ပြည်ပ ဈေးကွက်ဝင် ပနားမီးပုစွန်ဖြူမွေးမြူမှုကို ပိုမိုစိတ်အားထက်သန်လျက်ရှိနေတယ်လို့ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီး

ဌာနက သိရပါတယ်။

သို့ပေမယ့် မွေးမြူဖို့ ပုစွန်သားပေါက်နှင့်အစာကို ထိုင်းနိုင်ငံမှ ဝယ်ယူတင်သွင်းရသည့်အတွက် စရိတ်ကြီးမြင့် နေပြီး ပြည်တွင်းမှာထုတ်လုပ်နိုင်ဖို့ကိုလည်း မျှော်လင့်နေကြတယ်လို့ လုပ်ငန်းရှင်တစ်ဦးက ဆိုထားပါတယ်။




ပုစွန်သားပေါက်နဲ့အစာကို ပြည်တွင်းမှာထုတ်လုပ်နိုင်မယ်ဆိုရင် တိုးချဲ့ မွေးမြူမှုနဲ့ လုပ်ငန်းပြောင်းလုပ်ကိုင်ကြမယ့် ရေထွက်ကုန်လုပ်ငန်းရှင်များ အသင့်ရှိ နေပါတယ်။ နောက်ထပ် အဓိက အခက်အခဲက မြေနေရာပါ။ စပါးစိုက်လို့မရတဲ့ ရေမြုပ်တဲ့မြေနေရာတွေမှာ ပုစွန်မွေးမြူရေးအတွက် ချထားပေးနိုင်ရင် တိုးချဲ့မွေးမြူသူနဲ့ လုပ်ငန်းသစ်လုပ်ကိုင်လိုသူတွေအတွက်အဆင်ပြေမှာပါလို့ ရေလုပ်ငန်းရှင်တစ်ဦးက မှတ်ချက် ပြုထားပါတယ်။

ပြည်ပဈေးကွက်ဝင် ပနားမီးပုဇွန်ဖြူကို မြိတ်ကျွန်းစုမှာ ၂၀၁၈ ခုနှစ်မှ စတင်ကာ စီးပွားဖြစ်မွေးမြူခဲ့တာဖြစ်ပြီး ယခု မြိတ်ကျွန်းစုတွင် တစ်ဟက်တာ (နှစ်ဧကခွဲ)အကျယ်ရှိတဲ့ ပုစွန်ကန် ၂၀၀ ကျော်နှင့် ကော့သောင်းတွင် ကန် ၁၀၀ ခန့် မွေးမြူလျက်ရှိနေတာဖြစ်ပြီး ထားဝယ်ဒေသတွင်ပါ တိုးချဲ့မွေးမြူနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိတယ်လို့ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကသိရပါတယ်။

ပင်လယ်ရေသန့်ရှင်းမှုကြောင့် ပုစွန်မွေးမြူမှု ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ တစ်ဟက်တာလျှင် ပုစွန်ပေါက်အကောင်ရေ သန်းနဲ့ချီ မွေးမြူလျက်ရှိပြီး ၃ လ၊ ၄ လ အကြာမှာ ရောင်းတန်းဝင်အဆင့်သို့ ရောက်ရှိတဲ့ အတွက် တစ်နှစ်လျှင် သုံး၊ လေးကြိမ်အထိ စဉ်ဆက်မပြတ် မွေးမြူလို့ရတယ်။ ခိုင်မာတဲ့ ပြည်ပဈေးကွက်ရရှိမယ် ဆိုရင် အခုထက်ပိုမိုမွေးမြူဖို့ ရေလုပ်ငန်းရှင်တွေက အသင့်ရှိနေကြပါတယ်လို့ ၎င်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

လက်ရှိမှာလည်း စက်ရုံမှထွက်ရှိပြီး ပြုတ်ထားသည့် ပနားမီးပုဇွန်ဖြူကို တရုတ်နိုင်ငံသို့ ဘူးများဖြင့် ပါကင်ပိတ်၍လည်းကောင်း၊ ဂျပန်နိုင်ငံသို့ အေးခဲ၍လည်းကောင်း တင်ပို့နေကာ နိုင်ငံခြားဝင်ငွေရရှိနေတယ်လို့ သိရပါတယ်။

ပင်လယ်ပြင်အတွင်း ငါး၊ ပုစွန်ဖမ်းဆီးမှုမှ မွေးမြူထုတ်လုပ်မှုသို့ ပြောင်းလဲလုပ်ကိုင်လာပါက ပင်လယ်ပြင်ရေသယံဇာတ ပြန်လည်ဖွံ့ဖြိုးရေးကို ထိန်းသိမ်းရာရောက်စေမည့်အပြင် မွေးမြူရေးလုပ်ငန်းမှလည်း နိုင်ငံခြား ဝင်ငွေတိုးမြင့်ရရှိလာနိုင်မှာဖြစ်သလို ပုစွန်သားပေါက်နှင့်အစာများကို ပြည်တွင်းမှာ ထုတ်လုပ်နိုင်ပါက ပြည်ပမှ ဝယ်ယူနေရသည့် ငွေလည်းများစွာသက်သာသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဒါကြောင့်မို့ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့လည်း မြိတ်ကျွန်းစုအတွင်း မွေးမြူသူတွေ များလာပါက ထိုင်းနိုင်ငံနှင့်ပူးပေါင်း၍ အစာထုတ်လုပ်တဲ့စက်ရုံတည်ဆောက်ဖို့ အစီစဉ်များရှိပြီး ပုစွန်သားပေါက် များအတွက်ကိုလည်း တက္ကသိုလ်မှပညာရှင်များနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်းပြီး ကြိုးစားလျက်ရှိနေတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ယခု ၂၀၂၃-၂၄ ဘဏ္ဍာနှစ်ဖြစ်တဲ့ ဧပြီလမှ ဇွန်လအထိ ၃ လတာကာလအတွင်း ပုဂ္ဂလိကမှ ရေထွက်ကုန် ပြည်ပတင်ပို့မှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ၂၄၂ သန်းရရှိထားပြီး ယခင်၂၀၂၂-၂၃ ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃၆၁ သန်းဖိုး လျော့နည်းခဲ့တယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ သိရပါတယ်။

ဤဆောင်းပါးကို MFN မှကူးယူဖော်ပြပါသည်။

Source: https://t.me/htwettoe

## အမေရိကန်၏ကုန်သွယ်မှုများဆုံးနိုင်ငံအဖြစ် တရုတ်ကိုအစားထိုးဝင်ရောက်လာသည့် မက္ကဆီကိုနိုင်ငံ

အမေရိကန်၏ ကုန်သွယ်မှုအများဆုံးနိုင်ငံအဖြစ် တရုတ်ကို အစားထိုး ဝင်ရောက်လာသည့် မက္ကဆီကို နိုင်ငံဟု အမေရိကန်ပြည်ထောင်စု၊ Dallas ပြည်နယ်၏ Federal Reserve Bank အွန်လိုင်းဝက်ဘ်ဆိုက်တွင် “Mexico seeks to solidify rank as top U.S. trade partner, push further past China” ခေါင်းစဉ်ဖြင့် ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့၌ ရေးသား

ဖော်ပြထားပါသည်။

မက္ကဆီကိုနိုင်ငံသည် ၂၀၂၃ ခုနှစ် အစပိုင်း ပထမလေးလတွင် အမေရိကန်ပြည်ထောင်စု၏ အဆင့် ၁ ကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့ပြီး နှစ်နိုင်ငံအကြားကုန်သွယ်မှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၆၃ ဘီလီယံ ရှိပါကြောင်း၊ တရုတ်နိုင်ငံသည် ၂၀၁၄ ခုနှစ်မှစ၍ ကနေဒါကိုကျော်လွန်ကာ အမေရိကန်၏အဆင့် ၁ ကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံ၏ကုန်စည်များအပေါ် ကုန်သွယ်ခွန်ကောက်ခံလိုက်ခြင်းကြောင့်လည်းကောင်း၊ ကပ်ရောဂါဖြစ်ပွားသည့်အချိန်တွင် ကုန်စည်ထုတ်လုပ်မှုကွင်းဆက်ပြတ်တောက် ခြင်းတို့ကြောင့် နိုင်ငံတကာကုန်သွယ်ရေးနှင့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုစီးဝင်မှု ပုံစံပြောင်းလဲခြင်းတို့ကြောင့်လည်းကောင်း တရုတ်နိုင်ငံ၏ ကုန်သွယ်မှုအခြေအနေကို ပြောင်းလဲစေခဲ့ပါကြောင်း၊ ထိုနောက်ပိုင်းမှစ၍ မက္ကဆီကိုနိုင်ငံသည် ၎င်း၏အဓိကကုန်စည်များကို အမေရိကန်သို့ ရွှေ့ပြောင်းသယ်ယူနိုင်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အကျိုးအမြတ်ရလာခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် ပထမလေးလပတ်တွင် အမေရိကန်နှင့် မက္ကဆီတို့အကြား ကုန်စည်(manufactured goods) ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၃၄.၂ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး မက္ကဆီကိုနိုင်ငံမှ အမေရိကန်သို့ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၅၇ ဘီလီယံနှင့် မက္ကဆီသို့ အမေရိကန်မှ သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၀၇ ဘီလီယံ ရှိကြောင်း တွေ့ရှိရပါသည်။

၂၀၂၃ ခုနှစ် ပထမလေးလပတ်ကာလတွင် မက္ကဆီကို-အမေရိကန် ကုန်သွယ်မှုပမာဏသည် အမေရိကန်၏ စုစုပေါင်း ကုန်သွယ်မှုပမာဏ (စုစုပေါင်း ပို့ကုန် နှင့် သွင်းကုန်ပမာဏ) ၏ ၁၅.၄ ရာခိုင်နှုန်းရှိပြီး ကနေဒါ-အမေရိကန် ကုန်သွယ်မှုပမာဏသည် ၁၅.၂ ရာခိုင်နှုန်းနှင့် တရုတ်-အမေရိကန် ကုန်သွယ်မှု ပမာဏသည် ၁၂.၀ ရာခိုင်နှုန်းစသည်ဖြင့် အသီးသီးရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

မက္ကဆီကိုနိုင်ငံသည် တရုတ်နိုင်ငံတွင် ထုတ်လုပ်နိုင်သည့်ကုန်ပစ္စည်းများကို ၎င်းတို့နိုင်ငံတွင် အစားထိုးထုတ်လုပ်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပါကြောင်း၊ မက္ကဆီကိုအနေဖြင့် အမေရိကန်-မက္ကဆီကို နှစ်နိုင်ငံကုန်သွယ်ရေးတိုးမြှင့်ရန် အထောက်အကူပြုသည့် ထုတ်ကုန်များထုတ်လုပ်ခြင်းအပေါ် ပိုမိုပံ့ပိုးလျက်ရှိပြီး ဤအချက်သည်လည်း မက္ကဆီကိုအနေဖြင့် အမေရိကန်၏ အဆင့် ၁ ကုန်သွယ်မှုနိုင်ငံတစ်နိုင်ငံအဖြစ်ရောက်ရှိစေသည့် အချက်ဖြစ်ပါကြောင်းဖြင့် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

Source: Mexico seeks to solidify rank as top U.S. trade partner, push further past China - Dallasfed.org

(စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_10072023140720231126

## တရုတ်နိုင်ငံသည် နိုင်ငံတကာကုန်သွယ်ရေးစည်းမျဉ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ခြေလှမ်းများ စတင်နေ

လွတ်လပ်သောကုန်သွယ်ရေးဇုန်များ (Free Trade Zones –FTZs) နှင့် လွတ်လပ်သော ကုန်သွယ်ရေးဆိပ်ကမ်း (Free Trade Port–FTP) တို့ကို အဆင့်မြှင့်တင်ခြင်းဖြင့် တရုတ်နိုင်ငံသည် နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်ရေးစည်းမျဉ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပေကျင်း၊ ရှန်ဟိုင်း၊ ကွမ်တုန်း၊ တီယန်ကျင်း၊ ဖူကျန့်နှင့် အခြားလွတ်လပ်သော ကုန်သွယ်ရေးစမ်းသပ်ဇုန်များနှင့် ဟိုင်နန်လွတ်လပ်သော ကုန်သွယ်ရေးဆိပ်ကမ်းတို့တွင် ပြုပြင်ပြောင်းလဲမှုများကို ပိုမိုအားကောင်းစေမည့် အစီအမံအသစ်များအား မကြာသေးမီက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။



အဆိုပါအစီအမံများသည် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေးကို လွယ်ကူချောမွေ့စေရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ယာယီဝင်ရောက်မှုကို အဆင်ပြေချောမွေ့စေရေးနှင့် ဒစ်ဂျစ်တယ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးတို့အပါအဝင် အဓိကနယ်ပယ်များစွာကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

လွတ်လပ်သော ကုန်သွယ်ရေးဇုန်များနှင့် ပတ်သက်သည့် ထိုအစီအမံသစ်များသည် Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) နှင့် Digital Economy Partnership Agreement (DEPA) တို့သို့ တရုတ်နိုင်ငံမှဝင်ရောက်နိုင်ရေးအတွက် လက်တွေ့ကျသောအထောက်အပံ့ဖြစ်သည်ဟု ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ လက်ထောက်ဝန်ကြီး Chen Chunjiang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစီအမံသစ်များအရ လွတ်လပ်သော ကုန်သွယ်ရေးစမ်းသပ်ဇုန်များတွင် လုပ်ငန်းလုပ်ကိုင်နေသော ပြည်ပ ငွေရေးကြေးရေး အဖွဲ့အစည်းများကို ပြည်တွင်းလုပ်ငန်းများအတွက် ခွင့်ပြုထားပြီးဖြစ်သည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း အချို့ကို ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကုန်စည်ကုန်သွယ်မှု အားကောင်းလာစေရန်အတွက် အဆိုပါအစီအမံများကို အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ၎င်းတို့၌ အမိကစီးပွားရေးလုပ်ငန်းများတွင် ပြန်လည်ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ တင်သွင်းခြင်းအတွက် စမ်းသပ် စီမံချက်များ၊ ဟိုင်နန်လွတ်လပ်သော ကုန်သွယ်ရေးဆိပ်ကမ်းတွင် ပြုပြင်ပြီးသည့် လေယာဉ်နှင့် ရေယာဉ်များအတွက် အခွန်ကင်းလွတ်ခွင့်နှင့် အထူးသတ်မှတ်ထားသည့် သွင်းကုန်ပစ္စည်းများအတွက် ယာယီအကောက်ခွန်နှင့် အခွန်ကင်းလွတ်ခွင့် တို့ ပါဝင်ပါကြောင်း သိရှိရပါသည်။

ထို့အပြင် စမ်းသပ်ဇုန်များ၌ ရုံးခွဲများ (သို့မဟုတ်) လုပ်ငန်းခွဲများတည်ထောင်မည့် ပြည်ပလုပ်ငန်းများမှ အကြီးတန်း မန်နေဂျာများအတွက် ယာယီနေထိုင်ခွင့်ကို (၂)နှစ်အထိ သက်တမ်းတိုးခွင့်ပြုမည်ဖြစ်ပြီး ၎င်းတို့၏အိမ်ထောင်ဖက်များနှင့် မိသားစုဝင်များကိုလည်း အလားတူ ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လွတ်လပ်သောကုန်သွယ်ရေးဇုန်များနှင့် ပတ်သက်သည့် အဆိုပါအစီအမံများသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအတွက် အလွန်အရေးပါပြီး ဘဏ္ဍာငွေဆိုင်ရာ ကန့်သတ်ချက်များကို လျှော့ချပေးမည့်အပြင် လုပ်ငန်းများ ရင်ဆိုင်နေရသော ငွေကြေး အခက်အခဲများကို ဖြေရှင်းပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးအတွက် လွတ်လပ်သော ကုန်သွယ်ရေးဇုန်များတွင် ပိုမိုကောင်းမွန်သည့် ပြုပြင်ပြောင်းလဲမှု အစီအမံများ ဆောင်ရွက်ခြင်းဖြင့် အဆင့်မြင့်ဖွံ့ဖြိုး တိုးတက်မှုဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

Source:https://news.cgtn.com/news/2023-07-11/China-moves-to-align-with-high-standard-international-trade-rules-1llYHumR5tK/index.html

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_140720230110

## STOCK EXCHANGE (14.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,106 (Shares) | 27,281,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +100 | +1.23% | 8,100 | 8,200 | 8,100 | 135 | 1,093,800 | 33,109,694 | 271,500 |
| MTSH | 00002 | 2,800 | +0 | +0.00% | 2,800 | 2,850 | 2,800 | 2,525 | 7,077,500 | 38,929,150 | 109,002 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 3 | 4,650 | 29,664,613 | 45,980 |
| TMH | 00005 | 2,350 | -50 | -2.08% | 2,350 | 2,350 | 2,350 | 98 | 230,300 | 12,823,224 | 30,135 |
| EFR | 00006 | 2,350 | -100 | -4.08% | 2,350 | 2,350 | 2,350 | 58 | 136,300 | 19,977,223 | 46,947 |
| AMATA | 00007 | 5,000 | +200 | +4.17% | 4,800 | 5,000 | 4,800 | 241 | 1,159,000 | 10,497,598 | 52,488 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 10,046 | 17,579,750 | 23,804,946 | 41,659 |


## Market summary


As of 14th Jul. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.14 | +1.47 | +0.41% | 355.33 | 357.14 | 355.33 | 13,106 | 27,281,300 | 8 | 673,638 |

### Index chart





YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

at YSX has started from 25th March 2016.

Quick link | Notice | Disclosure

Market Overview

Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 14th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 13,106 (Shares) | 27,281,300 (MMK) |

Main Board

As of 1:00 pm, 14th Jul. 2023

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,106 (Shares) | 27,281,300 (MMK) |

| MYANPIX | 357.14 ▲ 1.47 |
|---|---|
| Total Volume (shares) | 13,106 |
| Total Value (MMK) | 27 mil |
| Listed Company | 8 |
| Market Cap. (MMK) | 673,638 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 100 |
| MTSH | 00002 | 2,800 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,350 | ▼ 50 |
| EFR | 00006 | 2,350 | ▼ 100 |
| AMATA | 00007 | 5,000 | ▲ 200 |
| MAEX | 00008 | 1,750 | ▲ 0 |